## အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၃၀-၁၁-၂၀၁၁ ရက်နေ့တွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေ ( **ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်** ။ **၁၃**) ကို ပြဋ္ဌာန်းခဲ့ ပါသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေ ပြဋ္ဌာန်းပြီးနောက် ၂၀၁၈ ခုနှစ် ဇန်နဝါရီ လထိ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးနိုင်မှု အခြေ အနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| INGO အဖွဲ့အစည်း | ၅ | ဖွဲ့ |
| NGO အဖွဲ့အစည်း | ၂၂ | ဖွဲ့ |
| ပြည်ပကုမ္ပဏီ | ၃၉ | ဖွဲ့ |
| ပြည်တွင်းကုမ္ပဏီ | ၁၀၇ | ဖွဲ့ |
| အစုစပ်ကုမ္ပဏီ | ၃ | ဖွဲ့ |
| **စုစုပေါင်း** | **၁၇၆** | **ဖွဲ့** |

၂၀၁၈ ခုနှစ် ဇန်နဝါရီလထိ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်း မတည်ငွေ စုစုပေါင်း ကျပ် သန်း ၃၂၇၉၈၇.၈၃၀ သန်း၊ ထုတ်ချေးငွေ စုစုပေါင်း ကျပ်သန်း ၃၆၅၂၉၉၀.၁၈ ဖြင့် ငွေချေးသူဦးရေ ၃၀၈၈၂၈၈ ဦးအား ထုတ်ချေးနိုင်ခဲ့ပြီး မြို့နယ်ပေါင်း ၂၃၀ မြို့နယ်တွင် ရပ်ကွက် ၁၇၅၆ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၆၉၄၅ ကျေးရွာသို့ ဖြန့်ကျက် ဆောင်ရွက်လျက်ရှိပါသည်။